

ဒေါက်တာ
ထွန်းဝင်း

# အိမ်ထောင်ပြုမည့် လူငယ်များ
## အမွေဆက်ခံမည့် လူငယ်များသိအပ်သော
## ဥပဒေများ

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည် -ဒေါက်တာထွန်းဝင်း

ကလောင်အမည် -ဒေါက်တာထွန်းဝင်း

လက်ဝယ်ရှိဘွဲ့လက်မှတ်များ -MBBS.HGP.DipD.S MP
A

အမှန်တကယ်ရှိသော

ပညာအရည်အသွေး -သင်ယူဆဲပါ၊ မပြည့်ဝ
သေးပါ။

သာမညပညာရှာခဲ့သော နေရာဒေသများ -ဆေးတက္ကသိုလ်၊
စီးပွားရေး တက္ကသိုလ်၊

နိုင်ငံတကာ ONLINE
သင်ကြားရေးဌာနများ workship, Seminor

အင်တာနေရှင်နယ် ညီ
လာခံများ အခု (၅၀)ခန့်။

အဓိကပညာရှာဖွေဌာန -ကမ္ဘာကြီးဟူသော တ
က္ကသိုလ်၊

လုပ်ကိုင်ခဲ့သော အလုပ်အကိုင်များ -ပြင်ပဆရာဝန်၊ LNGO

ဆေးအရာရှိ၊

UN နှင့်INGO တို့ တွင် မြို့န

ယ်စီမံကိန်းအရာရှိ၊ အမျိုးသားစီမံကိန်းတာဝန်များ

လက်ရှိအလုပ်အကိုင် -စာရေးနှင့် FRELANCE C

ONSUL-TANT TO INGO & COMPANES.

FREELANCE CONSULTANT လုပ်သောနယ်ပယ်များ - HR,PROJEC

T MANAGEMENT,

GOOD

GOVERNANCE, POLCYDEVELOPE-MENT.

ရေးသားခဲ့သော

ဆောင်းပါးအရေအတွက် -၁၅၀၀ ခန့်

ရေးသားထုတ်ဝေပြီးချင်း -၄၅ အုပ်

**သာပေရေးသားသော နယ်ပယ်များ သို့မဟုတ်**

**လုံးချင်းစာအုပ်အမျိုးအစားများ**

ဥပဒေလုံးချင်း -၂ အုပ်

နိုင်ငံရေးဘာသာလုံးချင်း - ၄ အုပ်

သဘာဂပတ်ဝန်းကျင် - ၁ အုပ်

HRဘာသာ -၃ အုပ်

ဘာသာရေး - ၂ အုပ်

စတုတ္ထမဏ္ဍိုင် မီဒီယာ - ၁ အုပ်

ပညာရေး - ၄ အုပ်

WORKSHIP - ၁ အုပ်

ဟာသ - ၁ အုပ်

တက်ကျမ်း - ၅ အုပ်

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး - ၁ အုပ်

စာရေးနည်း - ၁ အုပ်

စွန့်ဦးတည်ထွင် - ၁ အုပ်

Sex & Gender Politics - ၁ အုပ်

Good Governance - ၁ အုပ်

စီမံကိန်းဘာသာ - ၁ အုပ်

NGO - ၃ အုပ်

ဖိုမဆေးပညာ - ၇ အုပ်

ကျန်းမာရေး - ၆ အုပ်

စုစုပေါင်း - ၄၇ အုပ်

**စာရေးသာမျှော်မှန်းသော ဆုလာဘ်**

မင်းတုန်းမင်းလက်ထက်က မင်းတုန်းမင်း၏ သမီးတော်များကို တရားစာပေသင်ကြားပေးရန် သီလရှင်ဆရာကြီး မယ်ကင်းကို မင်းတုန်းမ

င်းက အကူအညီတောင်းခံ၏။ သီလရှင်မယ်ကင်းက အဖိုးအခဖြစ် ကတိတစ်ခုသာတောင်း၏။ ၎င်းကတိက မိမိအား ဘာဆု၊ ဘာဘွဲ့တံဆိပ်မှ မပေးရန် ဖြစ်၏။ သီလရှင်မယ်ကင်းကိုအားကျ၍ စာရေးသူ မျှော်မှန်းသောဆုလာဘ်သည် ဗလာဆုသာ ဖြစ်၏။

## ဤစာအုပ်အတွက် မျှော်မှန်းချက်

အုတ်တစ်ချပ်၊ သဲတစ်ပွင့်စာ အကျိုးပြုမည် မျှော်လင့်၏။

***

## ၁။ ဥပဒေကဲ့သို့ အာနိသင်ရှိသည့် မြန်မာတို့ ၏ ဓလေ့ထုံးတမ်းများ အစပြုပုံ

လူမျိုးတစ်မျိုးရယ်လို့ ဖြစ်သည် ပေါ်ပေါက်လာရင် ၎င်းလူမျိုးရဲ့ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုစတာတွေက လူမျိုးနှင့်နိုင်ငံ ရေရှည်တည်တံ့ရေးအတွက် အထောက်အပံ့များ ဖြစ်ပါတယ်။ ဓလေ့ထုံးတမ်း ဆိုတာကလည်း ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ပြပါတယ်။ ဒ့ါကြောင့် ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံတမ်းတွေကို လူငယ်တို့ ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိပါတယ်။

အကယ်၍ ထိန်းသိမ်းကြတော့မယ်ဆိုပါရင် ဓလေ့ထုံးတမ်းတွေ ဆိုတာဘာတွေလဲ၊ ဘာလဲဆိုတာ ဦးစွာသိရန်လိုပါတယ်။ ဘာမှန်းမှ မသိရင် ဘာကိုတွေပြီး ဘယ်လိုထိန်းသိမ်းရမှာ လည်း ဆိုတာ မေးခွန်းထုတ်စရာဖြစ်လာပါမယ်။ ဓလေ့ထုံးတမ်း ဆိုတာတွေဟာ များ လွန်းလှပါသောကြောင့် ဥပဒေကဲ့သို့ အာနိသင်ရှိတဲ့ ဓလေ့ထုံးတမ်းများ အစပြုပုံကို တင်ဆက်လိုက်ပါတယ်။ ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်းများ အကြောင်းကို တင်ဆက်ရမယ်ဆိုပြီး ပိုမိုပေါ်လွင်အောင် နှိုင်းယှဉ်ပြနိုင်ရန် ဥပဒေကဲ့သို့ အာဏာမတည်သော ဓလေ့ထုံးတမ်းများကို ဥပမာပေးဦးစွာ နှိုင်းယှဉ်လိုပါသည် ။

ဥပမာသီတင်းကျွတ်လမှာ မိဘ၊ လူကြီး၊ ဘိုးဘွား၊ ဆရာတွေကို သွားကန်တော့တဲ့ ထုံးစံရှိပါတယ်။ အဲဒီလို ကန်တော့တာ မျိုးလုပ်ကိုလု

ပ်ရမယ်လို့ ဘယ်ဥပဒေကမှ ပြဋ္ဌာန်းမထားသလို သီတင်းကျွတ်မှာ သွားပြီ မကန်တော့ရင်လည်း ဘယ်သူကမှ တရားမစွဲပါဘူး။ ဒါ့ကြောင့် ဤဓလေ့ဟာ ဥပဒေကဲ့သို့ အာနိသင်မရှိပါဘူး။

ဥပဒေ မြန်မာ့ဓလေ့ထုံးတမ်း အမွေဆက်ခံရေးကိစ္စမှာ "လင်သေ မယားစား၊ မယားသေ လင်စား" ဆိုတဲ့ ဓလေ့ထုံးတမ်းရှိပါတယ်။ ဒီတော့ တစ်ဦးဦးသေရင် အိမ်ထောင်ဖက်က အမွေရပြီး ညီအစ်ကိုမောင်နှမနှင့် အခြားသူတွေက အမွေမရပါ။ သေသူ၌ အိမ်ထောင်ဖက်မရှိမှ သာ တခြားသူတွေက အမွေရမှာ ဖြစ်ပါတယ်။

အမွေမှုဖြစ်ရင် တရားရုံးများက ဤဓလေ့ထုံးတမ်းကို အသိအမှတ်ပြုပါတယ်။ ဒီတော့ ဥပဒေကဲ့သို့ အာနိသင်ရှိပါတယ်။

ဒီတော့ တဖြည်းဖြည်းနဲ့ မြန်မာ့ဓလေ့ ဥပဒေ (Myanmar Customar y Law) ရယ်လို့ ဖြစ်လာပါတယ်။ အဲဒီ ဥပဒေမှာ အဓိက အားဖြင့် အမွေဆက်ခံရေး၊ လက်ထပ်ရေး၊ ကွာရှင်းရေးစတဲ့ မိသားစုနဲ့ ကိစ္စတွေသာ အများ စုဖွဲ့စည်းထားလို့ မိသားစုဥပဒေ (Family Law) ရယ်လို့ လည်း ခေါ်ပါတယ်။

ဓလေ့ထုံးတမ်းများ ဟာ အင်္ဂလိပ်ခေတ် မတိုင်မီ မြန်မာဘုရင် တွေ လက်ထက်ကတည်းက ရှိခဲ့တာဖြစ်တယ်။ အင်္ဂလိပ် ဘုရင်ခံခေတ်ရောက်မှ သာ ဥပဒေဆိုတာ ပုဒ်မတွေတပ်ပြီး ပြဋ္ဌာန်းတာဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ် မတိုင်မီကဆိုရင် ဥပဒေပြဋ္ဌာန်းတယ်ဆိုတာ မရှိပါဘူး။ ဒါ့ကြောင့် နောင်အင်္ဂလိပ်အစိုးရက ဆက်လက်အသိအမှတ်ပြုတဲ့ မြန်မာ့လေ့ထုံးတမ်း ဥပဒေမှာ ပုဒ်မနံပါတ်တွေ မပါဘူးဆိုတော့ ဘာတွေပါဘဲလို့ မေးရင်

၁။ ဓမ္မသတ်(သို့မဟုတ်) တရားကိုပြဆိုသောကျမ်းများ

၂။ စီရင်ထုံးများ

၃။ ဓလေ့ထုံးတမ်းများ

၄။ ပုဒ်မ မပါဘူး ဆိုသော်လည်း နောက်ပိုင်းခေတ်ပြဋ္ဌာန်း ဥပဒေအချို့တို့ ဖြစ်ပါတယ်။

ရှေးပညာရှိများ ရေးထားခဲ့တဲ့ ဓမ္မသတ် ၈၆ စောင်ရှိပြီး အဲဒီခေတ်က ထိန်းသိမ်းမှုအားနည်းလို့ မင်းတုန်းမင်းလက်ထက်မှာ ဘုရင်ကကင်းဝန်မင်းကြီးဦးကောင်းကို ဓမ္မသတ်တွေ လက်လှမ်းမှီသလောက် စုဆောင်းခိုင်းတော့ ၃၆ စောင် သာရှိပါတော့တယ်။ ဒါ့ကြောင့် အဖိုးတန်ရှေးဟောင်းမှတ်တမ်းတွေ ထိန်းသိမ်းရန် တာဝန်ရှိတယ်ဆိုတာ လူငယ်တွေ သင်ခန်းစာယူသင့်ပါတယ်။ ဓမ္မသတ် ၃၆ စောင် အနက် များ သောအားဖြင့် အလွန်ရှေးကျပါတယ်။ နောက်ပိုင်းခေတ်အထိ ကိုးကားနိုင်တဲ့ ဓမ္မသတ်တွေကတော့ မနုကျယ်ဓမ္မသတ်၊ ဝါရုဓမ္မသတ်၊ ဓမ္မပါဓမ္မသတ် ဆိုပြီး သုံးစောင်လောက်ပဲ ကျန်တော့တယ်။ ဓမ္မသတ်တွေမှာ ပုဒ်မတွေ မပါဘူး။

မြန်မာ့ထုံးတမ်းဥပဒေမှာ နောက်ထပ်ပါဝင်တဲ့ အားကိုးရာများကတော့ စီရင်ထုံးများ ဖြစ်ပါတယ်။ အမြင့်ဆုံးတရားရုံးက အမှုတွေမှာ စီရင်ချက်ချထားတဲ့ မှတ်တမ်းတွေကို စီရင်ထုံးအဖြစ် သတ်မှတ်ထားပြီး နောင်အခါ အလားတူအမှုဖြစ်ရင် ချမှတ်ပြီး စီရင်ထုံး Ruling အတိုင်း လိုက်နာရပါတယ်။ စီရင်ထုံးဆိုတော့လည်း စီရင်ချက်ချတဲ့ ခုနှစ်၊ တရားရုံး၊ တရားလို၊ တရားပြိုင်များ ၊ အမှုတွဲနံပါတ်သာပါပြီး ဥပဒေကဲ့သို့ ပုဒ်မတွေ မပါဘူးပေါ့။

ထို့ပြင် မြန်မာဓလေ့ထုံးတမ်း ဥပဒေမှာ ဥပဒေကဲ့သို့ အာဏာတည်တဲ့ ဓလေ့ထုံးတမ်းများကိုလည်း ထည့်သွင်းထားပါတယ်။

ထို့ပြင် နောက်ပိုင်းမှာ ပြဋ္ဌာန်းဥပဒေများကိုလည်း ထည့်သွင်းရပါတယ်။ တစ်နည်းအားဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေကို လွှတ်တော်က ပြဋ္ဌာန်းပေးရလို့ ပုဒ်မတွေ ပါဝင်လာတာရှိပါတယ်။ ဘယ်လိုလဲဆိုတော့ အင်္ဂလိပ်ခေတ်မှာ မြန်မာပြည်ထဲကို လူမျိုးခြားတွေ ဝင်ရောက်လာပါတယ်။ ဒီတော့ ဥပမာ လူမျိုးခြား ဘဘတစ်ယောက်နဲ့ မြန်မာအမျိုးသမီးနဲ့ အိမ်ထောင်ကျတာမျိုးရှိပါတယ်။ အဲဒီလူမျိုးခြားဘဘက မြန်မာအမျိုးသမီးနဲ့ ပေါင်းသင်းနေရာက အနိစ္စရောက်တာမျိုးရှိခဲ့တယ်။

ထိုအခါ လူမျိုးခြားဘဘရဲ့ ဇာတိနိုင်ငံက မယားကြီးက မြန်မာပြည်ကို လိုက် လာပြီး လူမျိုးခြားဘဘနဲ့ မြန်မာအမျိုးသမီးနဲ့ လက်ထပ်တဲ့ ကိစ္စဟာ သူတို့ ဓလေ့အရ တရားမဝင်ပါဘူးဆိုပြီး လာရောက်အရေးဆိုတော့ မြန်မာအမျိုးသမီးအချို့ တရားဝင်မယားမဖြစ်ဘဲ အမွေဆက်ခံခွင့် ဆုံးရှုံးတယ်။ ဒီတော့ ၁၉၅၄ ခုနှစ်မှာ "မြန်မာဗုဒ္ဓဘာသာအမျိုးသမီးများ အထူးထိမ်းမြား ခြင်းနှင့် အမွေဆက်ခံရေး ဥပဒေ" ဆိုပြီး ပြဋ္ဌာန်းပြီး မြန်မာအမျိုးသမီး အကျိုးစီးပွားကို ကာကွယ်ပေးရတာ မျိုးရှိပါတယ်။

အဲဒီဥပဒေအရ မြန်မာဗုဒ္ဓဘာသာ မိန်းကလေးနဲ့ နိုင်ငံခြားသား လက်ထပ်ရင် အမွေမှုနဲ့ အခြားမိသားစု ပြဿနာများ ပေါ်ပေါက်ရင် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရသာ ဆုံးဖြတ်ရမယ်လို့ ပြဋ္ဌာန်းပေးရပါတယ်။

တစ်ဖန် နောက်ထပ်လူငယ်တွေသိစရာ သုတတစ်ခုကတော့ အချို့က သူများကလေးကို အိမ်မှာ ကူဖော်လောင်ဖက်ရအောင်ခေါ် မွေးထားတာရှိတယ်။ မွေးစားသားလို့ ပြောထားရင် ခိုင်းလို့ ပိုကောင်းတာ မျိုးလည်း ရှိပါတယ်။ ဒါပေမယ့် မိတွေသေတော့ မွေးစားသားနဲ့

သားသမီးအရင်းနဲ့ အမွေလုပွဲဖြစ်ကြရင် သားသမီးအရင်းက သူဟာ

ကိတ္တိမ မွေးစားသားမဟုတ်ပါဘူး။ သနားလို့ ခေါ်မွေးထားတာပါပြော လို့ အမွေမှုနဲ့ တရားရုံးရောက်တာမျိုး ရှိပါတယ်။

ကိတ္တိမဆိုတာ အမွေပေးရန် ရည်ရွယ်ချက်ဖြင့် မွေးစားသော သား သမီးလို့ အဓိပ္ပာယ်ရပါတယ်။ အမွေမှုတွေကို မဖြစ်ရန် ကာကွယ်သော အားဖြင့် ကိတ္တိမ သားသမီးများ မှတ်ပုံတင် ဥပဒေကို ပြဋ္ဌာန်းရပါတယ် ။ ကိတ္တိမအဖြစ် မွေးစားရင် ကိတ္တမသားရဲ့ ရှင်ပြုဖိတ်စာမှာ ကိတ္တိမ သားလို့ ဖိတ်စာရိုက်ရုံနဲ့ တရားမဝင်တော့ပါဘူး။ ပြဋ္ဌာန်းဥပဒေအရ ကိ တ္တိမသားသမီး မဖြစ်ကြောင်း နိုင်ငံတော်ရဲ့ မှတ်ပုံတင်ရုံးမှာ စာချုပ်ချုပ် မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်စာချုပ် မရှိရင် အမွေဆက်ခံ ခွ င့်မရှိပါဘူး။ သင်ခန်းစာအားဖြင့် လူငယ်တစ်ယောက်ဟာ မွေးစားခံရရ င် ငါ့မှာ ကိတ္တိမ မှတ်ပုံတင် စာချုပ်ရှိရဲ့ လား ဆန်းစစ်သင့်ပါတယ်။

တ စ် ဖ န် ယ ခု ခေ တ် မှ ာ မျိုးစောင့်ဥပဒေဆိုတာ ပြဋ္ဌာန်းရန် ကြိုးပန်းကြတာတွေ ရှိပါတယ်။ တချို့ကလည်း ဤဥပဒေကို ကန့်ကွ က်တယ်။ ကန့်ကွက်တာ၊ ထောက်ခံတာက တစ်ပိုင်းပေါ့။ တကယ်လို့ ပြ ဋ္ဌာန်းဖြစ်ရင်တော့ ပြဋ္ဌာန်းတဲ့ မိသားစု ဥပဒေဖြစ်လာမှာ ဖြစ်ပါတယ်။

ရှေးယခင်က မြန်မာဓလေ့ထုံးတမ်းဥပဒေကို ဗုဒ္ဓဘာသာ တရားဥပ ဒေရယ်လို့ ခေါ်ကြဖူးပါတယ်။ ဒါပေမယ့် ဥပဒေပညာရှင် တွေက နှိုက်နှိုက်ချွတ်ချွတ် မြစ်ဖျားခံတော့ ဗုဒ္ဓက နိဗ္ဗာန်ရောက်ကြောင်းကို ဟောတာဖြစ်ပြီး မိသားစု ကိစ္စများကို ဗုဒ္ဓက အသေးစိတ်ဥပဒေပြဋ္ဌာန်း ပေးတာ မတွေ့ရဘဲ လူတွေအတွက် ငါးပါးသီလ၊ လင့်ဝတ္တရား၊ မယားဝ တ္တရား၊ သားသမီးဝတ်၊ မိဘဝတ်တွေကိုတော့ ဟောသွားပါတယ်။ ဒါပေ မယ့် အမွေကိစ္စ အစပြုတဲ့ မိသားစုကိစ္စတွေများ ဗုဒ္ဓဘာသာနဲ့ သိပ်ပြီးဆ က်စပ်မှု ရှိတာမတွေ့ရလို့ ဗုဒ္ဓဘာသာ ဥပဒေလို့ မခေါ်ဘဲ မြန်မာ့ဓလေ့

ထုံးတမ်းဥပဒေ၊ မိသားစု ဥပဒေ စသည် ဖြင့် ခေါ်ကြပါတယ်။

ဤဥပဒေက ဘာသာရေးကို အခြေမခံဘဲ ဓမ္မသတ်၊ စီရင်ထုံး၊ ဓလေ့ထုံးတမ်းတွေကစ အစပြုအခြေခံထားပါတယ်။

ယနေ့လူငယ်တွေဟာ မိမိတို့ ရဲ့ ဓလေ့ထုံးတမ်းတွေ ဘာတွေ ရှိလဲ ဆိုတော့ လေ့လာသင့်တယ်လို့ ဆိုချင်ပါကြောင်း။

***

## ၂။လူငယ်တို့ လိုအပ်သော မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ လက်ထပ်ခြင်းဆိုင်ရာ ဥပဒေအချက်အလက်များ

တစ်နေ့သ၌ စာဖတ်ပရိသတ် သူငယ်တစ်ဦးက ကျွန်တော်ထံသို့ ဖုန်းဆက်မေးမြန်းပါတယ်။ သူရဲ့ မေးခွန်းက စိတ်ဝင်စားစရာ ကောင်းပြီး လူငယ်အားလုံး ဗဟု သုတအနေနဲ့ သိသင့်ပါတယ်။ ဒါ့ကြောင့် ဆောင်းပါးရေးပြီး တင်လိုက်ပါတယ်။ သူမေးတာကတော့ သူဟာ အသက် ၂၂ နှစ်အရွယ် လူငယ်တက္ကသိုလ် ကျောင်းသားတစ်ဦး မြန်မာလူမျိုး ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်ပါတယ်။ သူဟာ ဘာသာခြား မိန်းကလေးတစ်ဦးကို ချစ်နေမိပါတယ်။ ချစ်ရေးတော့ မဆိုရသေးပါဘူး ။ ဒါပေမယ့် သူသိချင်တာက တကယ်လို့ များ ချစ်သူတွေ ဖြစ်သွားရင် မိဘတွေက သဘောတူမှာ မဟုတ်လို့ အခမ်းအနားနဲ့ မင်္ဂလာဆောင်ပေးမှာ မဟုတ်ဘူး ။ သူဖတ်ဖူးတဲ့ ဆောင်းပါးတစ်ပုဒ်မှာလည်း မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ လက်ထပ်ရင် မင်္ဂလာအခမ်းအနား မလိုဘူးလို့ ဖတ်ဖူးလို့ အားတက်မိတယ်။ အဲဒီမိန်းကလေးနဲ့ လက်ထပ်မယ်ဆိုရင် ဘယ်လိုနည်းလမ်းနဲ့ လက်ထပ်ရမလဲလို့ မေးလိုပါတယ်။ တရားဝင် လက်ထပ်ခွင့်ရော ရှိရဲ့ လားလို့ မေးလာပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ မြန်မာ့ဓလေ့ထုံးတမ်းအရ လက်ထပ်ခြင်း ဆိုင်ရာ လူငယ်တို့ သိသင့်သော ဥပဒေ အချက်အလက်များကို စုစည်းတင်ပြလိုက်ပါတယ်။

## လက်ထပ်ခြင်းရဲ့ အဓိပ္ပာယ် (သို့မဟုတ်) ဘာသာရေးနှင့် မသက်ဆိုင်ခြင်း

မြန်မာဗုဒ္ဓဘာသာဝင် နှစ်ဦးလက်ထပ်တာဟာ အခြားဘာသာဝင် နှစ်ယောက်တို့ လက်ထပ်ကြတာနဲ့ အဓိပ္ပာယ်ချင်း ထပ်တဆူညီချင်မှ ညီပါမယ်။ မြန်မာ့ဓလေ့ထုံးတမ်းအရ လက်ထပ်ခြင်းဟာ ဗုဒ္ဓဘာသာနဲ့ မသက်ဆိုင်ဘူးလို့ နိုင်ငံတော် တရားသူကြီးချုပ် ဒေါက်တာအေးမောင်နဲ့ နိုင်ငံတော် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်တို့ က သူတို့ ရေးတဲ့ စာအုပ်တွေမှာ ရေးသွားခဲ့ပါတယ်။

ချစ်ခင်စုံမက်လို့ ဖြစ်စေ၊ ဂုဏ်မက်လို့ ဖြစ်စေ၊ အခြားလူမှုရေး အကြောင်းတွေကြောင့် ဖြစ်စေ အလွန်ရှုပ်ထွေး နက်နဲသိမ်မွေ့သော လူမှုရေးကိစ္စတွေကြောင့် လက်ထပ်ကြတာဖြစ်ပါတယ်။

ဘုန်းကြီးကျောင်းမှာ လက်ထပ်မင်္ဂလာဦး ဆွမ်းကျွေးကြတာဟာလည်း ဆွမ်းဒါန အလှူတစ်ခုဖြစ်ပြီး လက်ထပ်ခြင်းဟာ သာသနာ့ဝန်ထမ်းရဲ့ အသိအမှတ်ပြုခြင်းကို မဖြစ်မနေလိုတယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုးရှိလို့ မဟုတ်ပါဘူး။

ဗုဒ္ဓဘာသာတစ်ဦးသည် အခြားဘာသာဝင် တစ်ဦးဦးနဲ့ လက်မထပ်ရဘူးလို့ ဗုဒ္ဓဘာသာ အဆုံးအမအရ တားဆီးပိတ်ပင်ထားတာ မျိုးမရှိပါဘူး။

## လက်ထပ်မင်္ဂလာ အခမ်းအနားမလိုခြင်း

လက်ထပ်ခြင်းအခမ်းအနား မလိုသလို လက်ထပ်စာချုပ်လည်း မလိုပါဘူး။ ဒါပေမယ့် လက်ထပ်အခမ်းအနား မလုပ်ရင် ရပ်ထဲရွာထဲမှာ လင်မယားအဖြစ် သိသာထင်ရှားတဲ့ ပေါင်းသင်းနေထိုင်မှုမျိုး ရှိရမယ်။ ဥပမာ ဘုရားကျောင်းတက် အတူတူဆိုတာမျိုး ဖြစ်ပါတယ်။

လက်ထပ်စာချုပ်လည်း မရှိ၊ မင်္ဂလာလည်း မဆောင်၊ အတူတူလည်း မနေဘူး ဆိုရင်တော့ ကျွန်တော်တို့ ကျွန်မတို့ ဟာ လင်မယားပါလို့ ပြောလို့ မရပါဘူး။

## လက်ထပ်ရန် အရည်အချင်းနှင့် ပြည့်စုံသော သတို့ သား

သတို့ သမီးဆိုသည် မှာ - စိတ်ပေါ့သွပ်သူများ ဟာ လက်ထပ်ရန် အရည်အချင်းနဲ့ မပြည့်စုံဘူး။ တရားဝင်လင်ယောကျ်ားရှိနေတဲ့ မိန်းမဟာ နောက်ထပ်လင်တစ်ယောက်နဲ့ လက်ထပ်လို့ မရပါဘူး။

မိန်းမဟာ တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးမ မဟုတ်လျှင် မိဘသဘောတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ လက်ထပ်ရန် အရည်အချင်းနှင့် ပြည့်စုံသော အသက်အရွယ်ဟာ အသက် ၂၀ ဖြစ်ပါတယ်။

## လွတ်လပ်သော သဘောတူညီမှုဆိုသည် မှာ

လက်ထပ်ရန် လွတ်လပ်သော သဘောတူညီမှုဆိုတာ တစ်စုံ တစ်ယောက်သောသူက ဖြားယောင်းသွေးဆောင် ခြိမ်းခြောက်ဖိအားပေးလို့ မဟုတ်ပဲ မိမိတို့ ၏ လွတ်လပ်သော သဘောဆန္ဒ(Sound Mind) အရ လက်ထပ်ရန် သဘောတူ ဆုံးဖြတ်ခြင်းဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် မောင်စိန်ညွှန့်နှင့် မအေးကြည်တို့ ၏ စီရင်ထုံးတွင် လက်ထပ်ခြင်း တရားဝင်ရန် သတို့ သား၊ သတို့ သမီး တို့ ၏ လွတ်လပ်သော သဘောဆန္ဒလိုသည် ဟု စီရင်ထုံးရှိပါသည် ။

## ပေါင်းသင်းစပ်ယှက်မှုမလိုအပ်ခြင်း

ကာမ မဆက်ဆံဘူးရင်လည်း လင်မယားဖြစ်နေပါပြီ။ ဥပမာ မင်္ဂလာဆောင်ပြီးသွားပြီ။ ဒါပေမယ့် မင်္ဂလာဦးည မဖြတ်သန်းရသေးပေမယ့် အဲလင်မယားပါပဲ။ ဒီနေရာမှာ သင်ခန်းစာယူရမှာ က တစ်ခါက သ

တို့ သမီးတစ်ဦး မင်္ဂလာခန်းမက အထွက်မှာ သူရဲ့ ရည်းစားဟောင်းက သတို့ သမီးကို ကားတင်ပြေးမယ်ကြံဖူးတယ်။ ရည်စားဟောင်း အဆိုအရတော့ မင်္ဂလာဦးညကို မဖြတ်သန်းရသေးလို့ လင်မယား မဟုတ်သေးဘူးလို့ ဆိုတယ်။ ဘာပဲဖြစ်ဖြစ် မင်္ဂလာဆောင်ပြီးတာနဲ့ အဲဒါဟာ သူတစ်ပါးရဲ့ မယားဖြစ်နေပါပြီ။

## လင်နှင့်မယားသည် တိုက်ရိုက်ဆင်းသက်သော ဆွေမျိုးတော်စပ်မှုမရှိရပါ

တိုက်ရိုက်ဆင်းသက်သော ဆွေမျိုးဆိုတာက ဖခင်နဲ့ သမီး၊ မိခင်နဲ့သား လက်ထပ်လို့ မရပါ။ မောင်နှမချင်း၊ တူဝရီးချင်း လက်ထပ်တာမျိုးကတော့ တိုက်ရိုက်ဆင်းသက်တာ မဟုတ်၍ လက်ထပ်မယ်ဆိုရင် လက်ထပ်နိုင်ပါတယ်။ မောင်နှမချင်းလက်ထပ်ရင် လူမှုရေးအရ ကဲ့ရဲ့ ခံရတာမျိုး ရှိပေမယ့် လက်ထပ်ခြင်း တရားမဝင်ဖြစ်သွားတဲ့ အထိ တော့မရောက်ရှိပါဘူး။

အထက်ပါကိစ္စတွေကတော့ လက်ထပ်ခြင်းဆိုင်ရာ ဥပဒေ အချက်အလက်တွေပါ။ အဲဒီမှာ ဗုဒ္ဓဘာသာဝင် တစ်ဦး ဘာသာခြားနဲ့ လက်မထပ်ရလို့ မပါဝင်ပါဘူး။ ဒီတော့ ဗုဒ္ဓဘာသာဝင်တစ်ဦး ဘာသာခြားနဲ့ လက်ထပ်ရင် ဗုဒ္ဓဘာသာ ဘက်ကကြည့်ရင် တရားဝင်ပါတယ်။ သို့သော် အခြားဘာသာ တစ်ခုခုမှာ ဘာသာမတူရင် လက်မထပ်ရဘူးလို့ ပြဋ္ဌာန်းချက်ရှိနေပါက ဘာသာခြားဘက်က ကြည့်ရင် ဗုဒ္ဓဘာသာဝင်နဲ့ လက်ထပ်ရင် တရားမဝင်ပါဘူး။ ဒီတော့ တစ်ဖက်ကကြည့်ရင် တရားဝင်ပြီး တစ်ဖက်ကြည့်ရင် တရားမဝင်တော့ ဘယ်ဘက်က ကြည့်မှာ လဲဆိုတာ ပြဿနာရှိလာတယ်။

ရှေးယခင်က ဘာသာခြား ယောကျ်ားနဲ့ ဗုဒ္ဓဘာသာမြန်မာ မိန်းက

လေး လက်ထပ်ဖူးတယ်။ ၎င်းယောက်ျားသေတော့ ဘာသာခြား ယောက်ျားရဲ့ တရားဝင်မယားကြီးက လိုက် လာပြီး သူတို့ ဘာသာဥပဒေအရ မြန်မာဗုဒ္ဓဘာသာ မိန်းမနဲ့ လက်ထပ်တာ တရားမဝင်ဘူးရယ်လို့ အရေးဆိုဖြင့် ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးက အမွေဆက်ခံခွင့် မရှိဖြစ်သွားဖူးတယ်။

ဒါနဲ့ ၁၉၅၄ ခုနှစ်မှာ မြန်မာ့ဗုဒ္ဓဘာသာ အမျိုးသမီးများ အထူးထိမ်းမြားခြင်းနှင့် အမွေဆက်ခံရေး ဥပဒေလို့ ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေအရ မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးဟာ ဘာသာခြားအမျိုးသားနဲ့ လက်ထပ်ရင် တရားဝင်ပြီး အမွေဆက်ခံရေး ပြဿနာပေါ်ပေါက်ရင် မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေအရသာ ဖြေရှင်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် မြန်မာဗုဒ္ဓဘာသာ အမျိုးသားများ ထိမ်းမြားခြင်းနှင့် အမွေဆက်ခံရေး ဥပဒေဆိုတာမျိုးကို ဥပဒေတွေထဲမှာ လိုက်ရှာတာမတွေ့ဘူး။

ဒီတော့ မြန်မာဗုဒ္ဓဘာသာ အမျိုးသားနဲ့ ဘာသာခြားအမျိုးသမီး လက်ထပ်ရင် အမွေမှုပေါ်ပေါက်ရင် ဘယ်လိုဥပဒေနဲ့ ဆုံးဖြတ်မလဲဆိုတာ အမှုဖြစ်လာတဲ့ အခါကျမှ တရားရုံးတွေက ဘယ်လိုဆုံးဖြတ်မလဲဆိုတာ စီရင်ထုံးကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

စီရင်ထုံးဟာ ဥပဒေပြဿနာတစ်ခုကို အတိုင်းအတာတစ်ခုအထိ အဖြေပေးပါတယ်။ ဥပဒေရေးရာ ပြဿနာတစ်ခုအတွက် မူလ စီရင်ထုံးရှိပြီးပြီဆိုရင်လည်း တစ်ခါတစ်ခါရံ စီရင်ထုံးဟောင်းနဲ့ မတူတဲ့ စီရင်ထုံးသစ်ထွက် လာပြီး မူလ စီရင်ထုံးကို လွှမ်းမိုးသွားတာ ရှိပါတယ်။ ဒါ့ကြောင့် ဘယ်လိုပြဿနာမှာ ဘယ်လိုဖြေရှင်းတယ်ဆိုတာ ရာနှုန်းပြည့် ကြိုတင်ခန့်မှန်းရန် ခက်ခဲပါတယ်။

အမွေမှုတွေကို ကာယကံရှင်တွေက မိမိတို့ ဘာသာ ပြေပြေလည်လည် ကျေကျေနပ်နပ်ဖြေရှင်းလို့ တရားရုံးမရောက်ရင်လည်း ပြီးတော့လည်း ပြီးတာပါပဲ ဟု ဆိုချင်ပါတယ်။

***